ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ စနေနေ့ (16-7-2011) (၆၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဥပ္ပါတသန္တိစေတီတော်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကား တစ်နိုင်ငံလုံး၌ ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်သံများ ဘဝင်လှျံ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓသာသနာတော် ပေါ်ထွန်းသည့် နှစ်(၂၆၀၀)ပြည့်မြောက်သည့် နေ့ပင်ဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်(စနေနေ့)တွင် မြတ်ဗုဒ္ဓသည် ဝဂ္ဂီငါးဦးနှင့် တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာအပေါင်းတို့အား ဓမ္မစက္ကပဝတ္တနသုတ်တော်(ဓမ္မစကြာဒေသနာတော်)ကို အဦးဆုံးမိန့်ခြွေတော်မူလျက် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ချမှတ်တော်မူကာ ဗုဒ္ဓသာသနာတော်ကို စတင်ထူထောင်တော်မူခဲ့လေသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု သာသနာ့သမိုင်းတွင် မှတ်တိုင်စိုက်ထူခဲ့လေသည်။ ထို့အပြင် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ ဟူ၍ ဝါဆိုလပြည့်နေ့တွင် ဖြစ်ပေါ်ခဲ့သော မြတ်ဗုဒ္ဓ၏ ထူးခြားသော ဖြစ်စဉ်တော်တို့ကို အမှတ် သညာပြုခဲ့ကြသည်။ ဤသို့ ထူးခြားသော ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် နိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်လှူပူဇော်ပွဲ၊ ရဟန်းခံရှင်ပြုအလှူတော်ပွဲ စသည့် ကုသိုလ်ပုညကုသလသဘာတို့ကို သောမနဿကြည်ရွှင်သဒ္ဓါဖြင့် စေတနာသုံးတန်ကုသိုလ်ခြံရံ၍ အေးချမ်းသာယာစွာ ဆင်ယင်ကျင်းပလျက်ရှိကြလေသည်။

နေပြည်တော်ကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပ္ပါတသန္တိစေတီတော် တတိယအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အခမ်းအနားများကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားများသို့ နိုင်ငံတော်သြဝါဒါစရိယ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

မဟာလောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော် ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

မဟာလောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော် ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အင်းဝမြို့ မီးသွေးတိုက်ကျေးရွာအုပ်စု ဆင်ကျုံးရပ်ရှိ အဆိုပါ စေတီတော် ပရိဝုဏ်အတွင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး စိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၆-၇-၂၀၁၁
(စနေနေ့)

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလေးပေး

ကမ္ဘာ့လူဦးရေသန်းပေါင်း ခုနစ်ထောင်ရှိလာတော့မည်။ကမ္ဘာကြီး၏ အနာဂတ်သာယာလှပစေရေး မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် လိုအပ်လာနေပြီ။

ယခုအခါ နိုင်ငံအများအပြားက ဆင်းရဲနွမ်းပါးမှုလျှော့ကျလာရေး စီစဉ်ဆောင်ရွက်နေကြပြီ။ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေး အားထုတ်လျက်ရှိကြသည်။ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ ငါးနှစ်အောက်ကလေးသေဆုံးမှုလျှော့ချရေး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကျန်းမာရေးပိုမိုကောင်းမွန်ရေးနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် လက်တွဲဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ အကောင်အထည်ဖော်ရင်း မျိုးဆက်ပွားကျန်းမာရေးနည်းများနှင့် ဝန်ဆောင်မှုများ လူတိုင်းရရှိရေး၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များသေဆုံးမှုလျှော့ချရေး၊ HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ တိုက်ဖျက်ရေးတို့တွင် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့်သည် လူငယ်များဖြစ်ရာ နိုင်ငံ၏အင်အား၊ အဖိုးတန်ဆုံးရတနာတစ်ခုအဖြစ် ခံယူသည်။ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေးဆောင်ရွက်နေသည်။ လူငယ်များအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းအစီအစဉ်များကို တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ ထို့အတူ ပညာရေးစနစ်သည်လည်း လူငယ်များစာရိတ္တ ပိုမိုမြင့်မားခိုင်မာပြီး ဘဝ၏အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုများ တိုးပွားလာလျက်ရှိသည်။ သက်ကြီးရွယ်အိုများကို အလေးထားစောင့်ရှောက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းရင်း သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး စီမံဖော်ဆောင်နေသည်။ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံအတွင်း ကျေးလက်နေပြည်သူများ လူနေမှုအဆင့် မြင့်မားရေးအတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနေပြီ။ ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တစ်ဦးချင်းမှသည် မိသားစုများအားလုံး၏ လူမှုစီးပွားမြင့်မားလာခြင်းဖြင့် ကျန်းမာပျော်ရွှင်ဖွယ် လူနေမှုဘဝကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။ ။

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ပဲခူးတိုင်းဒေသကြီး(အနောက်) ရောင်း/စက်ဌာနမှူးနှင့် ဒေသမန်နေဂျာတို့၏ လမ်းညွှန်မှုအရ ပြည်ခရိုင် ပေါင်းတည်မြို့ အမှတ်(၉၃) သစ်စက်ဝင်းအတွင်း ဇူလိုင် ၂ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို စက်ရုံမှူး ဦးအေးကြိုင်နှင့် စက်ရုံဝန်ထမ်းများ စုပေါင်း၍ ကျွန်းပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀၊ ကံ့ကော်ပင် ၅၀၊ မဲဇလီပင် ၅၀၊ ရေတမာပင် ၅၀ စုစုပေါင်း အပင် ၃၅၀ စိုက်ပျိုးကြစဉ်။ (၁၃၅)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၇၅၆	၀. ၀၃၃၂၆
တရုတ် (ယွမ်)	၆. ၄၅၁၈၇	၀. ၁၅၄၉၉
အိန္ဒိယ (ရူပီး)	၄၄. ၅၁၅၀	၀. ၀၂၂၄၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၇၅၀	၀. ၃၃၂၅၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၈၅၀	၀. ၈၂၀၆၈
ဂျပန် (ယန်း)	၇၉. ၂၁၇၆	၀. ၀၁၂၆၂
တောင်ကိုရီးယား(ဝမ်)	၁၀၅၈. ၂၂	၀. ၀၀၀၉၄
ယူရို	၀. ၇၀၈၁၄	၁. ၄၁၂၁၆
ဗြိတိသျှ (ပေါင်)	၀. ၆၂၀၈၈	၁. ၆၁၀၆၁

အင်တာနက်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပွင့်ဖြူနှင့် စေတုတ္တရာမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည် တောင်မုန်းမြောင်းမကြီး ရေသောက်ဧရိယာအတွင်းရှိ လယ်ဖီလာကျေးရွာ၌ Myanmar Golden Seeds Co., Ltd. ၏ အဆင့်မြင့်လယ်ယာဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဧရိယာအတွင်း နွေစပါး ၁၈ ဒသမ ၇၀ ဧကအား ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုနှင့် မိုးစပါး ၂၅ ဧက ရှင်သန်ဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ မဲဇလီရေလွှဲဆည်၌ ရေထိန်းတံခါးများ ကြံ့ခိုင်ကောင်းမွန်မှု၊ မိုးစပါးစိုက်ပျိုးရေပေးဝေနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် စလင်း - စေတုတ္တရာလမ်း စေတုတ္တရာမြို့နယ် မိုင်တိုင်အမှတ်(၃၂/၅) အနီး၌ မုန်းချောင်းရေဝင်ရောက်၍ ပဇောချောင်းရေလျှံပြီး ပဇောချောင်းတံတားရေလွှမ်းမှုကြောင့် တံတားအနီး မြေသားဖို့ဆက်သွယ်ကာ ခရီးသွားယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုန်းချောင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် တမံကြံ့ခိုင်ကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စေတုတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ယင်းနောက် ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ပင်မတမံ၊ ကုန်းကြောတမံနှင့် ရေပိုလွှဲများ တည်ဆောက်ပြီးစီးမှု၊ ရေစိမ့်တား ကွန်ကရစ်နံရံတည်ဆောက်နေမှု၊ တာဘိုင်ရေအားလျှပ်စစ်ထုတ်လုပ်မည့် စက်ရုံအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်ရန်ဆောင်ရွက်နေမှုနှင့် ရေလွှဲဥမင်မှ ရေလွှဲထုတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ဆောက်လုပ်ရေးဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင်အတွင်းရှိ လမ်းများကိုလည်းကောင်း၊ ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူ လမ်းတစ်လျှောက် လမ်း/တံတားလုပ်ငန်းများ ဆောက်ရွက်ထားရှိမှု၊ မိုးရာသီကာလ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ်(၄၀/၀)နှင့် (၄၀/၁)အကြား လမ်းဘေးမြေနံရံများ ကြံ့ခိုင်မှုရှိရေး၊ ကျောက်စီရေကာနံရံများ ဆောင်ရွက်ရေးနှင့် လမ်းပေါ်၌ ရေမတင်စေရေး၊ လမ်းဘေးတစ်လျှောက် ရေမြောင်းတူးဖော်ရေးနှင့် ကန့်လန့်ဖြတ် ရေမြောင်းများဆောင်ရွက်ရေး၊ လမ်းဘေးသစ်ပင်များ အလင်းဖွင့်ခြင်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၄၄/၅)နှင့်(၄၄/၆)အကြား ကျောက်စီနံရံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခရိုင်အဖွဲ့များနှင့် အထူးအဖွဲ့ ငါးဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယင်းလမ်းသည် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း)တို့အား ဆက်သွယ်ဖောက်လုပ်ထားသော ရိုးမဖြတ်လမ်းဖြစ်ကြောင်း၊ တောင်ပေါ်လမ်းဖြစ်၍ မိုးဒဏ်၊ လေဒဏ်အများဆုံးခံရသဖြင့် တာဝန်ယူထိန်းသိမ်းရမည့် ခရိုင်များနှင့် အထူးအဖွဲ့များက လိုအပ်သောနေရာများ၌ အချိန်ပြည့် လမ်းထိန်းသိမ်းခြင်း၊ လမ်းတစ်လျှောက် လမ်းညွှန်ဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်များ စနစ်တကျ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူ လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် သီတာလမ်းနေ ဒေါ်ထွေးကြည်၏ (၇၆)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

ယာဉ်စည်းကမ်းလိုက်နာရေး အနေးယာဉ်များစစ်ဆေး

စစ်ကိုင်း ဇူလိုင် ၁၅

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အနေးယာဉ်များ စနစ်တကျဖြင့် ပြေးဆွဲခြင်း ရှိ၊ မရှိနှင့် ကြံ့ခိုင်မှု ရှိ၊ မရှိတို့ကို ဇွန် ၂၀ ရက်က ဦးစီးအရာရှိ ဒေါ်ခင်ယောသစ် ဦးဆောင်၍ စိစစ်သက်တမ်းတိုးပေးလျက်ရှိရာ အနေးယာဉ်အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ အနေးယာဉ်လုပ်သားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်က Effective Working Capital Management ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇူလိုင် ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇူလိုင် ၂၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲသင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ရတနာသိဂီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇောတိကာ ဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ပက်ဖျန်းချည်နှောင်

ယင်းနောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်အစရှိသော ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို စေတီတော် ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဘုရား ဒါယကာ အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ စိန်ဖူးတော်၊ ရွှေထီးတော် ဘုံအဆင့်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်များက သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူခြင်း အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းမှူး၊ ဘုရားဒါယကာ အလှူရှင်များနှင့် တာဝန်ရှိသူတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်များကို အခမ်းအနားဖြင့် ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်များကို ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့်အညီ တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ဦးဆောင်၍ "ဇယန္တော ဗောဓိယာမူလေ" အစရှိသော အောင်ဂါထာကို သုံးကြိမ်ရွတ်ဆို ဆုတောင်းပတ္ထနာပြုကြပြီး အလှူရှင်များက စေတီတော်အထွတ်၌ သာသနာ့အောင်လံတော်အား စိုက်ထူပူဇော်ကာ ရွှေကြာသက်န်းတော်ကို ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဘုရားဒါယကာ အလှူရှင်များက မဟာလောကသရဖူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်၊ မြသပိတ်နှင့် ရွှေကြာသင်္ကန်းတော် ကပ်လှူခြင်းအခမ်းအနား အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးကြသည်။

ထို့နောက် မဟာလောကသရဖူစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို မင်္ဂလာမဏ္ဍပ်အတွင်း၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် အလှူရှင်များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

မဟာလောကသရဖူစေတီတော်မြတ်ကြီးကို သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် ဆင်ဖြူရှင် တနင်္ခွေ မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့ပြီး ပထမဒီပါဧမြဆရာတော် ဘဒ္ဒန္တစန္ဒာသီရိ၊ ဒုတိယဒီပါဧမြဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်တည်ထားကိုးကွယ်ခဲ့ကြောင်း၊ စေတီတော်ကြီးသည် ဉာဏ်တော် ၁၆၂ ပေ ရှိကြောင်းနှင့် စိန်ဖူးတော်ကြီးကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦး မိသားစုက လည်းကောင်း၊ ရွှေထီးတော်ကြီးကို ဦးသိန်းအောင်၊ ဒေါ်သင်းသင်းလှ မိသားစု (သုံးပန်လှ သာသနာပြုအဖွဲ့)က လည်းကောင်း၊ စတီးမဏ္ဍိုင်၊ စတီးဆိုင်းကြိုးများကို ဦးသိန်းတန် (ရွှေပြည်သာ) မိသားစုက လည်းကောင်း ကမကထပြုလှူဒါန်းကြပြီး အရံစေတီနှင့် အထွေထွေဘက်စုံမွမ်းမံခြင်းများကို စေတနာရှင်၊ သဒ္ဓါရှင်များ၏ ကောင်းမှုဖြင့် စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။

(သတင်းစဉ်)

တင်လှူပူဇော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အလှူရှင်များ စိန်ဖူးတော်ကို တင်လှူပူဇော်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ FARMER CHOICE TRACTORS Co., Ltd. ၏ ထွန်စက်ကြီးများ၊ ထွန်စက်နှင့် တွဲဖက်သုံး လယ်ယာသုံး စက်ကိရိယာများအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထွန်စက်ကြီးနှင့်တွဲဖက်သုံး စက်ကိရိယာအရောင်းဆိုင်သစ်ဖွင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းရှိ FARMER CHOICE TRACTORS Co., Ltd.၏ ထွန်စက်ကြီးနှင့် တွဲဖက်သုံးစက်ကိရိယာအရောင်းဆိုင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း၊ FARMER CHOICE TRACTORS Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးနိုင်ဦးတို့က အရောင်းဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အရောင်းဆိုင်အတွင်း ပြသထားသော ထွန်စက်ကြီးများ၊ ထွန်စက်နှင့်တွဲဖက်သုံး လယ်ယာသုံးစက်ကိရိယာများနှင့် Service Center တို့ကိုလှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအရောင်းဆိုင်၌ အိန္ဒိယနိုင်ငံ International Tractor Co. က ထုတ်လုပ်သော ကမ္ဘာ့အဆင့်မီ SONALIKA BRAND 4 Wheel, 2 Wheel Drive မြင်းကောင်ရေ(၆၀၊ ၇၅၊ ၉၀)ရှိ ထွန်စက်ကြီးများနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းမျိုးစုံတို့ကို ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် နေရောင်ကာကျေးရွာအုပ်စု နေရောင်ကာကျေးရွာ၌ ဆောက်လုပ်ပြီးစီးသွားသည့် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်၊ အလှူရှင် Caritas Switzerland Associates Director, Mr. Fasel Hugo နှင့် မြန်မာစီးပွားစီမံ အမှုဆောင်များအသင်း (Myanmar Business Executives Association-MBE) ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာစီးပွားစီမံ အမှုဆောင်များအသင်းအဖွဲ့ဝင် ဦးထွန်းအောင်ကြည်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်စောမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယခုဖွင့်လှစ်သည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဆရာ၊ ဆရာမများ နားနေဆောင်၊ ကျောင်းသုံး ပရိဘောဂများ၊ သောက်သုံးရေအတွက် ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန် နှစ်ကန်၊ အဝီစိတွင်းနှင့် ရေလှောင်ကန်၊ သန့်စင်ခန်းများနှင့် ခြံစည်းရိုးတို့ အပါအဝင် ငွေကျပ်သိန်း ၁၅၀၀ ခန့် ကုန်ကျခဲ့ကြောင်းနှင့် လေပြင်းဒဏ်နှင့် ငလျင်ဒဏ်ခံ အဆောက်အအုံအဖြစ် စနစ်တကျ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr.Prajuab Supinee သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်တွင် အသင်းချုပ်ရုံး၌ ကျင်းပရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/စက်မှုအသင်းချုပ် ဖုန်း-၂၁၄၃၄၄-၄၉၊ Ext ၁၂၁၊ ၁၂၂ သို့ ဆက်သွယ်၍ အမည်စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

ကျေးလက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

အိမ်မဲ ဇူလိုင် ၁၅

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်အတွင်း ဆောင်ရွက်သည့် ရွာသစ်-ပဒတ်လမ်း ဝဝံခင်းခြင်းနှင့် ကွန်ကရစ်ရေပြွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန် ၂၉ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးမြင့်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဥပုသ်တော်သီလ"တရားတော် (မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥေယျမွေသာမိ မဟာထေရ်)
- ၆း၃၅ စွယ်တော်လေးဆူ ဆုပန်ယူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈)**
- ၈း၅၀ မကွေးမြို့တွင် ဆင်ယင်နွှဲ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
- ၉း၀၅ သင်ယူလေ့လာ အင်္ဂလိပ်စာ Nexus Language Centre မှာ
- ၉း၂၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့. . . သစ်မွှေးစိုက်ကြစို့
- ၉း၄၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၂၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
- ၁၀း၄၀ သွားမယ်စားမယ်
- ၁၁း၁၅ MNL Preview
- ၁၁း၅၀ ဟိုတယ်လမ်းညွှန်
- ၁၂း၂၀ ခုနှစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
- ၁း၀၀ "ဥပုသ်တော်သီလ"တရားတော် (မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥေယျမွေသာမိ မဟာထေရ်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Goals of the week
- ၃း၀၀ recycled meanings ဓာတ်ပုံပြပွဲသို့တစ်ခေါက်
- ၃း၁၅ ကျန်းမာပျော်ရွှင်ခြင်းအတွက် KENT အိမ်သုံးရေသန့်စက်
- ၃း၃၅ PRARAM 9 HOSPITAL (Part-1)
- ၃း၅၀ ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဗန်ကောက်မှ SAFARI WORLD
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၈)**
- ၅း၀၀ Eushido နှင့်သူ၏ချစ်သူများ
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလဲ့) (အပိုင်း-၅)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၇)**
- ၇း၂၅ ဖက်ရှင်လမ်းညွှန်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရခိုင်ပြည်နယ် ဓမ္မာရုံမှ အလှူတော်မင်္ဂလာ
- ၈း၄၀ Activities In The City
- ၈း၅၀ Kid's Show
- ၉း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"မာယာမျဉ်းပြိုင်"(အပိုင်း-၉)**
- ၁၀း၂၀ VJ Choice
- ၁၀း၄၀ မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ
- ၁၁း၀၀ ပရိမ်းမီးယားလိဂ်ရင်ခုန်သံ
- ၁၁း၂၅ မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
- ၁၁း၄၀ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၂း၁၀ ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၁၂း၃၀ World of Knowledge (Inside The World's Biggest Cruise Ship)
- ၁း၁၅ ရလဒ်ကောင်းများနှင့် Organic
- ၁း၂၅ Box Office Movies(300)
- ၂း၀၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၂း၁၀ လုပချစ်စရာ လက်မှုအနုပညာ
- ၂း၄၀ Shooting Location
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၄း၄၀ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၄း၅၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းပြီ

ကဘူး ဇူလိုင် ၁၅

လာမည့်နှစ်အတွင်း အာဖဂန်စစ်မြေပြင်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကျော်၏ သုံးပုံတစ်ပုံကို စစ်နှံ့အတွင်းမှ ဆွဲထုတ်မည့် အမေရိကန်သမ္မတ ဘာရတ်အိုဘားမား၏ စီမံချက်အရ ပထမဆုံးအသုတ် အမေရိကန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်မှ စတင်ထွက်ခွာခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဆယ်စုနှစ်တစ်ခုမျှ ကြာညောင်းခဲ့ရသော အာဖဂန်စစ်ပွဲကြောင့် ပြည်တွင်းနိုင်ငံရေး အတိုက်အခံအင်အားစုများ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်နေရသည့် သမ္မတအိုဘားမားသည် အာဖဂန်စစ်မြေပြင်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမည့် စီမံချက်ကို ၂၀၁၁ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ကြေညာခဲ့ရသည်။

အာဖဂန်စစ်မြေပြင်မှ ရုပ်သိမ်းမည့် အမေရိကန်တပ်ဖွဲ့များ၏ ပထမဆုံးအသုတ်ဖြစ်သော တပ်ဖွဲ့ဝင် ၁၀၀၀၀ သည် ယခုနှစ် နှစ်ကုန်ပိုင်း၌ ပြည်တော်ပြန် ခရီးနှင်ကြရမည် ဖြစ်သည်။

အာဖဂန်စစ်မြေပြင်၌ အလှည့်ကျစစ်ရေးတာဝန် ထမ်းဆောင်ခဲ့ပြီးသော အမေရိကန်တပ်ဖွဲ့ဝင် ၆၅၀ သည် အမေရိကန်ပြည်ထောင်စုသို့ ဇူလိုင် ၁၃ ရက်တွင် ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေရာသီကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ နယ်မြေဒေသခုနစ်ခု၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား ပြည်ပတပ်ဖွဲ့ဝင်များထံမှ အာဖဂန်တပ်ဖွဲ့များက လွှဲပြောင်းတာဝန်ယူခဲ့ပြီးဖြစ်သည်။

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမှုကို စစ်ပွဲအရှိန် မြင့်တက်နေစဉ်အတွင်း စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်စစ်ပွဲစတင်ချိန်မှစ၍ စစ်မြေပြင်၌ သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

အာဖဂန်စစ်မြေပြင် ရှေ့တန်းတစ်နေရာ၌ တိုက်ပွဲဝင်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ရေကြောင်းနယ်နိမိတ် သတ်မှတ်မှုဆိုင်ရာပြဿနာ အစ္စရေးနှင့် လက်ဘနွန် အငြင်းပွား

ဂျေရုဆလင် ဇူလိုင် ၁၅

လက်ဘနွန်နိုင်ငံ၏ နယ်နိမိတ်အပိုင်းအခြားနှင့် ရေကြောင်းဆိုင်ရာ ရပိုင်ခွင့်များကို အစ္စရေးနိုင်ငံက ထိပါးလာခဲ့ပါက မိမိတို့အနေဖြင့် ကာကွယ်ရလိမ့်မည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စု လက်ထောက်အကြီးအကဲက ဇူလိုင် ၁၄ ရက်တွင် သတိပေးပြောကြားခဲ့သည်။

ကုလသမဂ္ဂက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးနိုင်ငံတို့အကြား လက်ရှိဖြစ်ပွားနေသော ပဋိပက္ခမှာ မြေထဲပင်လယ်အရှေ့ဘက်ကမ်းလွန်ရေပြင်ရှိ သဘာဝဓာတ်ငွေ့လုပ်ကွက်နှစ်ခုအား အစ္စရေးနိုင်ငံက ရယူနိုင်မည့် ပင်လယ်ရေကြောင်းနယ်နိမိတ်သတ်မှတ်မှုနှင့် ပတ်သက်ကြောင်း ဂျေရုဆလင်ပို့စ်သတင်းစာက ဖော်ပြသည်။

ကုလသမဂ္ဂ၏ သဘောတူညီချက်ကို ရယူနိုင်ရေးအတွက် ရေကြောင်းနယ်နိမိတ် သတ်မှတ်ပိုင်းခြားမှုတစ်ရပ်အား အစ္စရေးအစိုးရအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် သဘောတူညီခဲ့သည်။

အစ္စရေးနိုင်ငံသည် ဆိုက်ပရပ်စ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ရေကြောင်းနယ်နိမိတ်သတ်မှတ်မှုဆိုင်ရာ သဘောတူညီချက်ကို ပြီးခဲ့သည့် ဒီဇင်ဘာလက ရယူနိုင်ခဲ့သည်။

အလားတူ ဆိုက်ပရပ်စ်နိုင်ငံနှင့် လက်ဘနွန်နိုင်ငံတို့အကြား၌ ရေကြောင်းနယ်နိမိတ်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့် လေးနှစ်ခန့်က ရယူနိုင်ခဲ့သော်လည်း လက်ဘနွန်ပါလီမန်လွှတ်တော်က သဘောတူညီခြင်းမရှိသေးပေ။

အစ္စရေးနိုင်ငံ၏ ခြိမ်းခြောက်မှုကို မိမိတို့ ကြောက်လန့်မည်မဟုတ်ကြောင်း၊ မိမိတို့ရယူပိုင်ခွင့်များကို ထိန်းသိမ်းထားရေးအတွက် မိမိတို့၏ ရပ်တည်ချက်များကို ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောကြားခဲ့သည်။

အင်တာနက်။

ပေါက်ကွဲနေသောမီးတောင်အနီးမှ လေယာဉ်များပျံသန်းခြင်းမပြုရန် အင်ဒိုနီးရှား၌ သတိပေး

ဂျကာတာ ဇူလိုင် ၁၅

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူလာဝေစီပြည်နယ်၌ မီးတောင်ပေါက်ကွဲလျက်ရှိသဖြင့် ခရီးသည်တင်လေယာဉ်များအနေဖြင့် ပေါက်ကွဲမှုဖြစ်ပွားနေသော မီးတောင်အနီးအပါးမှ ပျံသန်းခြင်းမပြုကြရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတိပေးထားကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

လိုကွန်မီးတောင်သည် ဇူလိုင် ၁၄ ရက် ညသန်းခေါင်က ထပ်မံပေါက်ကွဲခဲ့သည်။ မီးတောင်မှ ပြာမှုန်များကို အမြင့်မီတာ ၂၀၀၀ အထိ မှုတ်ထုတ်လျက်ရှိသည်။

မီးတောင်ရပ်ဝန်းဒေသကို ခရီးသည်တင်လေယာဉ်များ ဖြတ်သန်းခြင်းမပြုဘဲ လမ်းကြောင်းပြောင်း ပျံသန်းကြရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း လေကြောင်းသယ်ယူပို့ဆောင်ရေးဌာနညွှန်ကြားရေးမှူးချုပ် တယ်ရီဘာကာတီဇူမေက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ယခုအချိန်အထိ ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းလမ်းများအပေါ် ထိခိုက်မှုမရှိပေ။ မြောက်ပိုင်းဆူလာဝေစီပြည်နယ်ရှိ လေဆိပ်များအားလုံးကို ယခုအချိန်အထိ ဖွင့်လှစ်ထားဆဲဖြစ်သည်။ လေဆိပ်များအနီးဝန်းကျင်ရှိလေထုအရည်အသွေးကို လေကြောင်းတာဝန်ရှိသူများက အနီးကပ် လေ့လာစောင့်ကြည့်နေကြောင်း၊ မီးတောင်လှုပ်ရှားမှုအခြေအနေမှာ အင်အားပြင်းထန်နေဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းယော့ဂျကာတာဒေသရှိ မာရပီမီးတောင်ပေါက်ကွဲခဲ့စဉ်က နိုင်ငံတကာ လေကြောင်းလမ်းများ ကမောက်ကမ ဖြစ်ခဲ့ရသည်။

လိုကွန်မီးတောင်ပေါက်ကွဲနိုင်မှု ဘေးအန္တရာယ်ကို ဇူလိုင် ၁၀ ရက်ကတည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ရှင် ၁၂၉ လုံးအထိရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းဒေသဟု ခေါ်တွင်သော မြေငလျင်ဇုန်တွင် တည်ရှိသည်။

ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ လိုကွန်မီးတောင် ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော မီးခိုးပြာမှုန်များကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

ပြည်ပလုပ်သားမှတ်ပုံတင်ရေး အထူးလုပ်ငန်း မလေးရှား၌ အကောင်အထည်ဖော်လျက်ရှိ

ကွာလာလမ်ပူ ဇူလိုင် ၁၅

မလေးရှားနိုင်ငံ၌ နိုင်ငံခြားသားအလုပ်သမားများအားလုံး မှတ်ပုံတင်ရေးအထူးလုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း မလေးရှားသတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံ၌ တရားမဝင်လုပ်ကိုင်နေသူ အလုပ်သမားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် အမိန့်အာဏာသည် ဩဂုတ်လတွင်စ၍ အာဏာသက်ဝင်လာခြင်းမရှိမီ တရားဝင်လုပ်ကိုင်နေသော အလုပ်သမားများကို စာရင်းကောက်ယူလျက်ရှိသည်။

နိုင်ငံခြားအလုပ်သမားများသည် မြို့တော်ကွာလာလမ်ပူရှိ လူဝင်မှုကြီးကြပ်ရေးဌာန၌ ၎င်းတို့၏လက်ဗွေရာများကို ပေးအပ်ကြရမည်ဖြစ်သည်။ မလေးရှားအစိုးရ၏ ရည်ရွယ်ချက်မှာ နိုင်ငံအတွင်းရှိ နိုင်ငံခြားသား အလုပ်သမားများအားလုံးနှင့် သက်ဆိုင်နေသော ကိုယ်ရေးအချက်အလက်များကို တစုတစည်းတည်း စုဆောင်းထားရှိနိုင်ရန်ဖြစ်သည်။

မလေးရှားနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးစစ်ဆေးရေးစခန်း ၇၂ ခု၌ ရည်ညွှန်းကိုးကားနိုင်ရန် နိုင်ငံခြားသားအလုပ်သမားများအားလုံး၏ လက်ဗွေရာမှတ်တမ်းများကို ထားရှိမည်ဖြစ်သည်။

မလေးရှားနိုင်ငံအတွင်း နိုင်ငံခြားသားအလုပ်သမားများ၏ လှုပ်ရှားသွားလာမှုများကို လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူများက ပိုမိုလေ့လာစောင့်ကြည့်နေမည်ဖြစ်သည်။ လူမှောင်ခိုလုပ်ငန်းကဲ့သို့ နယ်စပ်ဖြတ်ကျော်မှုခင်းများ ကျဆင်းသွားစေရန် အစိုးရက အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ရိုက်တာ။

မလေးရှားနိုင်ငံရောက် ပြည်ပ အလုပ်သမားများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ တွေ့ရစဉ်။

ကမ္ဘာ့အင်အားအကြီးဆုံး သံလိုက်စက်ကွင်းဇုန် အမေရိကန်၌ တည်ဆောက်

တယ်လာဟတ်စ် ဇူလိုင် ၁၅

သိပ္ပံသုတေသနဆိုင်ရာ တော်လှန်ရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် မှတ်ယူနိုင်မည့် ကမ္ဘာ့စွမ်းအင်အကြီးဆုံး သံလိုက်စက်ကွင်းဇုန်တစ်ခုကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ဖလော်ရီဒါပြည်နယ် တက္ကသိုလ် အမျိုးသားအဆင့်မြင့် သံလိုက်စက်ကွင်း ဓာတ်ခွဲခန်း၌ တည်ဆောက်ခဲ့သော အဆိုပါ သံလိုက်စက်ကွင်းဇုန်**(ဝဲပုံ)**သည် ခွဲဖြာသံလိုက်စက်ကွင်းစနစ် (Split magnet)ဖြစ်ပြီး သံလိုက်စက်ကွင်း အင်အားယူနစ်အရ ၂၅ တတ်စ်လာရှိ၍ ကမ္ဘာ့စံချိန်တင်ကြောင်းသိရသည်။

တက်စ်လာဟူသော ယူနစ်အမည်ကို ၂၀ ရာစု ဩစတြီးယားသိပ္ပံပညာရှင် နီကိုလာတတ်စ်လာအား အစွဲပြုခေါ်ဆိုသတ်မှတ်ထားခြင်းဖြစ်ပြီး သံလိုက်စက်ကွင်းများ၏ အင်အားပမာဏကို တိုင်းတာရာတွင် အသုံးပြုသည်။

ယခင်ကမ္ဘာ့စံချိန်တင် သံလိုက်စက်ကွင်းပြင်းအား ပမာဏမှာ ၁၇ ဒသမ ၅ တတ်စ်လာရှိပြီး ၁၉၉၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ တည်ဆောက်ခဲ့သော သံလိုက်စက်ကွင်းဇုန်ဖြစ်သည်။

လွန်ကဲအပူချိန်နှင့် ဖိအားများအောက်၌ ဒြပ်ဝတ္ထုများ၏ ပုံမှန်မဟုတ်သော အရည်အသွေးများကို တိုင်းတာရန် အင်အားမြင့် သံလိုက်စက်ကွင်းများအား သိပ္ပံပညာရှင်များက အသုံးပြုလေ့ရှိကြသည်။

အင်တာနက်။

တိုးမြှင့်ပင်စင်လစာအကြောင်း သိကောင်းစရာများ

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများကို ၂၀၁၁ ခုနှစ် ဇူလိုင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်သဖြင့် ယခုအခါ ပင်စင်ဦးစီးဌာန ရုံးချုပ်၊ ရုံးခွဲများနှင့် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများမှ တိုးမြှင့်ပင်စင်လစာတောင်းခံလွှာများ အခမဲ့ ထုတ်ပေးလျက်ရှိပြီး ပင်စင်စားများကလည်း ပုံစံဖြည့်စွက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်တင်ပြတောင်းခံနေကြပြီဖြစ်ပါသည်။

သို့ဖြစ်၍ ယခုကာလအတွင်း ပင်စင်စားများ၏ မေးမြန်းချက်များအပေါ် ပင်စင်ဦးစီးဌာန၏ ဖြေကြားချက်များကို ပြည်သူအများ ဂဃနဏ ရှင်းလင်းသိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

၁။ **မေး။** နိုင်ငံခြားတွင် ရောက်ရှိနေသော အငြိမ်းစားများအတွက် အထူးကိုယ်စားလှယ်လွှဲစာဖြင့် တိုးမြှင့်ပင်စင်လျှောက်ထားနိုင်ခွင့် ရှိ၊ မရှိ၊ နိုင်ငံခြားတွင် ရောက်ရှိနေသော အငြိမ်းစားများအား အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားခြင်းရှိ၊ မရှိ စိစစ်တင်ပြရန် လို၊ မလို။

ဖြေ။ ကိုယ်တိုင်တောင်းခံလွှာတင်ရပါမည်။ ပထမအကြိမ်တွင် လူတွေ့စိစစ်မည်ဖြစ်ပါသည်။ မြန်မာပြည်တွင် နေထိုင်ကြသော ပင်စင်စားများဟု ဖော်ပြပြီးဖြစ်သဖြင့် နိုင်ငံခြားတွင် အပြီးပြောင်းရွှေ့နေထိုင်သူများ အကျုံးမဝင်ပါ။ နိုင်ငံခြားသို့ ခေတ္တသွားရောက်သူများ ပြန်ရောက်ရှိက ကိုယ်တိုင်ဆောင်ရွက်နိုင်ပါသည်။

၂။ **မေး။** ဝန်ကြီးဌာန မိသားစုပင်စင်စားတစ်ဦးသည် မူလပင်စင်စား၏ မှတ်ပုံတင်ကို ရှာမတွေ့ပါက မည်သို့ ဆောင်ရွက်ရမည်နည်း။

ဖြေ။ မူလပင်စင်စား၏ မှတ်ပုံတင်နံပါတ်နေရာတွင် ကွက်လပ်ထား၍ တိုးမြှင့်ပင်စင်လစာကို တင်ပြနိုင်ပါသည်။

၃။ **မေး။** ကုန်သွယ်လယ်ယာရုံး ဖွဲ့စည်းပုံဖျက်သိမ်း၍ ပြည်ထဲရေးနှင့် ထွေ/အုပ်တွဲဖက်တွင် လျော်ကြေးပင်စင်ခံစားသည့် ပင်စင်စားများအတွက် တိုးမြှင့်ပင်စင်လစာ ဘယ်မှာတင်ရမလဲ။

ဖြေ။ နီးစပ်ရာမြို့နယ်/တိုင်းဒေသကြီး ထွေ/အုပ်ရုံးများတွင် သွားရောက်ဆောင်ရွက်နိုင်ပါသည်။

၄။ **မေး။** ပင်စင်စားတစ်ဦးသည် မကျန်းမာ၍ ဘဏ်သို့ မသွားရောက်နိုင်သဖြင့် (၃)နှစ်ခန့် နှစ်လွှန်ခဲ့ပါသည်။ ငွေစာရင်း Account ဖွင့်လှစ်ပြီး ပင်စင်လစာထည့်သွင်းသည့်စနစ်ဖြစ်၍ စာအုပ်မရှိပါ။ မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ။ မြန်မာ့စီးပွားရေးဘဏ်(၃)၏ ပင်စင်လုပ်ငန်းကို မြန်မာ့စီးပွားရေးဘဏ်(၅)မှ ဆောင်ရွက်ပေးပါသည်။ ပင်စင်စာအုပ်သည် ဘဏ်တွင် အပ်ထားခြင်းဖြစ်နိုင်ပါသည်။ ဘဏ်သို့ ဆက်သွယ်ပြီးသွားရောက်ထုတ်ယူ၍ ပုံစံဖြည့်စွက်ကာ မြို့နယ်/တိုင်းဒေသကြီး သက်ဆိုင်ရာဌာနတွင် တင်ပြရန်ဖြစ်ပါသည်။ မကျန်းမာ၍ ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်နိုင်ပါသည်။ ဘဏ်သို့ ကိုယ်တိုင်သွားရောက်၍ ပင်စင်လစာမထုတ်နိုင်ပါကလည်း ဘဏ်မန်နေဂျာထံ ပင်စင်စားမကျန်းမာကြောင်း ပြောပြပြီး ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်နိုင်ပါသည်။ ဘဏ်မန်နေဂျာက လိုအပ်သလို စိစစ်ပြီး လစာထုတ်ပေးပါလိမ့်မည်။

၅။ **မေး။** တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာတင်ရမည့် နောက်ဆုံးရက် သတ်မှတ်ထားခြင်း ရှိ၊ မရှိ။

ဖြေ။ နောက်ဆုံးရက် သတ်မှတ်ထားခြင်းမရှိပါ။ နိုင်ငံတော်က ခွင့်ပြုသည့် တိုးမြှင့်ပင်စင်ခံစားခွင့်ကို ခံစားခွင့်ရှိသူသည် ကာလအကန့်အသတ်မရှိ တောင်းခံ ခံစားသွားရန် ဖြစ်ပါသည်။

၆။ **မေး။** လက်ရှိပင်စင်လစာတိုးမြှင့်မှုတွင် တစ်လုံးတည်း (ပင်စင်လစာရောင်းဝယ်)ပင်စင်လစာနှင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။

ဖြေ။ ယခင်ပင်စင်လစာတွင် တစ်လုံးတည်း ပင်စင်လဲလှယ်ခဲ့ပါက တိုးမြှင့်ပင်စင်လစာအပေါ်တွင် လဲလှယ်ခဲ့သည့် ရာခိုင်နှုန်းငွေပမာဏ တွက်ချက်ပြီး ရရှိသည့် လဲလှယ်တန်ဖိုးအား နုတ်ပယ်၍ ကျန်ရှိသည့် တိုးမြှင့်ပင်စင်လစာကို ခွင့်ပြုရန် ဆောင်ရွက်ထားပါသည်။

ဥပမာ- ယခင်မူလပင်စင်လစာ- ၅၅ ကျပ်
တစ်လုံးတည်းလဲလှယ်ငွေ- ၃၀ ကျပ်
လဲလှယ်သည့် ရာခိုင်နှုန်း- ၅၄ဒသမ၅ရာခိုင်နှုန်း
ရရှိမည့် တိုးမြှင့်ပင်စင်လစာ- ၁၉၀၀၀ ကျပ်
လဲလှယ် (၅၄ ဒသမ ၅)ရာခိုင်နှုန်း၏ တန်ဖိုး(၁၀၃၅၅) ကျပ် နုတ်ပါသည်။
ရရှိမည့် တိုးမြှင့်ပင်စင်လစာ ၈၆၄၅ ကျပ်

၇။ **မေး။** တစ်လုံးတည်း (ပင်စင်လစာရောင်းဝယ်)ပင်စင်လစာကို ယခုဆောင်ရွက်၍ ရပါသလား။

ဖြေ။ တစ်လုံးတည်း ပင်စင်လစာ လဲလှယ်ခြင်းကို အမြင့်ဆုံးကျပ် ၅၀ အထိ လဲလှယ်လိုပါက ယခုဆောင်ရွက်ပေးပါသည်။

၈။ **မေး။** တစ်လုံးတည်းပင်စင်လစာ လဲလှယ်ခြင်းစနစ်ကို ရပ်ဆိုင်းခဲ့မည်ဆိုပါက အဘယ့်ကြောင့် ရပ်ဆိုင်းပါမည်နည်း။ ဆက်လက်ထားရှိသည်ဆိုလျှင်လည်း အဘယ့်ကြောင့် ထားရှိသည်ကို ဖြေဆိုပေးစေလိုပါသည်။

ဖြေ။ တစ်လုံးတည်းပင်စင်လဲလှယ်ခြင်းအား ရပ်ဆိုင်းခဲ့ခြင်းမရှိပါ။

၉။ **မေး။** တစ်လုံးတည်း(ပင်စင်လစာရောင်းဝယ်) ပင်စင်လစာလဲလှယ်ပြီးသူသည် ယခုပင်စင်လစာနှုန်းအသစ်ထဲတွင် ပါဝင်နေပါက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။

ဖြေ။ အမှတ်စဉ်(၆)တွင် ဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ရပါမည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပြည်သူလူထု အခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ဌေးကြွယ် အမှာစကားပြောကြားစဉ်။ (၅၆၈)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ဆေးထိုး

နတ်မောက် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် အခြားကူးစက်ရောဂါများ အသိပညာပေးဟောပြောခြင်းကို မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ သားမြှားကျေးရွာအုပ်စုရှိ သမြှား(မြောက်)ရွာ၊ သမြှား(တောင်)ရွာ၊ ဆည်တော်ရွာနှင့် ကျောင်းကုန်းရွာများရှိ ကျွဲ၊ နွားများအား ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၆၂၅)

လမ်းပေါက်ဖာထေးခြင်း ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၁၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မန်ခိန်ရပ်ကွက် စီတာပူလမ်း ကတ္တရာလမ်းပေါက်ဖာထေးနေမှုကို ဇွန် ၃ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၅ ၈။ "သတိတစ်ချက်၊ တစ်သက်အမှား"
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ Local Talent
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၁၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၅။ Yan Can Cook
- ၁၂:၅၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၅၉)**
- ၁:၄၅ ၇။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို"(အလေးမ)
- ၂:၀၀ ၈။ "ကိုယ်ချင်းစာ"
- ၂:၃၅ ၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာ မေ့စကြာဝတ်ရွတ်အသင်း၏ မေ့စကြာဒေသနာတော် (အမေး၊ အဖြေ)
- ၂:၅၀ ၁၀။ International News
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၁၅ ၃။ တေးဂီတအစီအစဉ်
- ၄:၂၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒအထူးပြုများ) (သင်္ချာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ ကဗျာပန်းဥယျာဉ်
- ၅:၁၅ ၈။ "ပျော်ရွှင်ဆင်နွှဲဝါဆိုပန်းခူးပွဲ"
- ၅:၃၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၄၅ ၁၀။ "စိမ်းလန်းစိုပြည်မူဆယ်မြေ"
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ အလှုရှာမယ် လှုကမ္ဘာဝယ်
- ၆:၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (အေးမြတ်သီဟန်)
- ၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂၇)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၃၁)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်"(အပိုင်း-၂၃)**
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၂။ အစီအစဉ်ပြီး၏။

အမြို့မြို့အနယ်နယ်၌ သစ်ပင်စိုက်ပျိုး

မြို့သစ်မြို့နယ် လဲလူအုပ်စု လဲလူကျေးရွာ နေပြည်တော်-မြို့သစ်-ကံပြားလမ်း မိုင်တိုင်အမှတ်(၅၇/၁) အနီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်မျိုးမြတ်၊ သစ်တောဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဦးဇော်လတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ သစ်ပင်မျိုးစုံ ၁၈၆၈ ပင် စိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)



အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၏ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက်က သန်လျင်ဂေါက်ကွင်း၌ ကျင်းပရာ စက်ရုံမှူး ဦးဖေသက်ညွှန့် ဝန်ထမ်းများအား ပျိုးပင်များ ပေးအပ်စဉ်။ (၅၂၇)

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ဒိုက်ဦးမြို့နယ် မြစ်ကျိုး-ညောင်ခါးရှည် မဟာဗျူဟာလမ်း၌ ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် မိုးကုတ်-မိုးမိတ်လမ်း မိုင်တိုင်အမှတ်(၄/၁) အနီး၌ ဇူလိုင် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းအောင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေတာဝန်ခံများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

လဲချားမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်

လဲချား ဇူလိုင် ၁၅

လွိုင်လင်ခရိုင် လဲချားမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က လဲချားမြို့နယ်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ခါတော်မီ၊ မဲဇလီ၊ ယူကလစ်ပျိုးပင် စုစုပေါင်း ၄၀၀ နှင့် အပင်မျိုးစုံ ၆၃၉၄ပင်၊ တစ်ရွာတစ်ဧက ယူကလစ်အပင် ၆၀၀၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀ နှုန်းဖြင့် အပင် ၂၅၀၀၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှုန်းဖြင့် ၁၅၀၆ ပင် စုစုပေါင်း အပင် ၁၁၀၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ခရိုင်သစ်တောဦးစီး)

'ရွှေ'ကိုမလို . . . 'ရေ'ကိုလိုသည်

မောင်ငြိမ်းသစ်

တောပင်ကို တော်တော်ခုတ်ကြ
တောပြုတ်လိမ့် နောက်နောင်
တောပြုတ်လို့ တောပြောင်
မိုးခေါင်တော့မှာပဲ
မိုးခေါင်လို့ ရေမကြွယ်
သဲပင်လယ် ဖြစ်လိမ့်မလွဲ။

ဇော်ဂျီ

ရေ

"ရေ"သည် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ်လိုအပ်သော သဘာဝ အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ "ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်"၊ "သက်ရှိလောက ရေသာပဓာန" ဟူသော ဆောင်ပုဒ်များမှာ ရေ၏အရေးပါမှုကို မီးမောင်းထိုးပြနေပါသည်။ လူသားများ အသက်ရှင်သန်နိုင်ရေးအတွက် ရေကို နေ့စဉ်အသုံးပြုရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုများ၏ ၈၀ ရာခိုင်နှုန်းနှင့် သေဆုံးမှုများ၏ ၃၀ ရာခိုင်နှုန်းကျော်သည် ရေချိုလုံလောက်စွာမရရှိခြင်း၊ သန့်ရှင်းသောရေ အသုံးမပြုရခြင်း စသည်ဖြင့် ရေနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာကြောင်း သိရှိရပါသည်။ ထို့ကြောင့် လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရေကောင်းရေသန့်နှင့် ရေချို (fresh water) ကို စဉ်ဆက်မပြတ် လုံလောက်စွာရရှိရန် လိုအပ်ပါသည်။

ရေအသုံးပြုမှု

ယေဘုယျအားဖြင့် လူတစ်ဦးသည် တစ်ရက်လျှင် ရေ ၈ ဒသမ ၅ လီတာ (၁ ဒသမ ၇ ဂါလန်) လိုအပ်ပါသည်။ ယူနက်စကို၏ ထုတ်ပြန်ချက်အရ လူတစ်ဦးချင်းစီအတွက် တိုက်ရိုက်သုံးစွဲသည့် ရေပမာဏမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တစ်ရက်လျှင် လီတာ ၅၀၀ မှ လီတာ ၈၀၀ (၁၁၀ ဂါလန် မှ ၁၇၆ ဂါလန်) ခန့်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၆၀ လီတာမှ ၁၅၀ လီတာ (၁၃ ဂါလန်မှ ၃၃ ဂါလန်) ခန့်ရှိပါသည်။ လူသားတို့အတွက် လိုအပ်သည့် အစားအစာနှင့် ကောက်ပဲသီးနှံထုတ်လုပ်ရာတွင် သုံးစွဲသည့် ရေချိုပမာဏပေါင်းသည် တစ်ကမ္ဘာလုံး သုံးစွဲသည့် ရေချိုပမာဏပေါင်း၏ ၈၆ ရာခိုင်နှုန်းခန့် ရှိပါသည်။ ကြံတစ်တန်ထုတ်လုပ်ရန်အတွက် ရေ ၂၀၀ ကုဗမီတာ (၁ ကုဗမီတာ = ၁၀၀၀ လီတာ=၂၂၀ဂါလန်)၊ ဟင်းသီးဟင်းရွက် တစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၃၀၀ ကုဗမီတာ၊ ဥနှင့် အမြစ်များ

သဲနုန်းများ ပို့ချမှုကြောင့် ဤသို့ ချောင်းရေ နောက်ကျိညစ်ညမ်းရသည်။

တစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၄၀၀ ကုဗမီတာ၊ သစ်သီးတစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၁၀၀၀ ကုဗမီတာ၊ စပါးနှင့် အခြားနှံစားအပင်များ တစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၁၆၀၀ ကုဗမီတာ၊ ဆီထွက်သီးနှံများ တစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၂၄၀၀ ကုဗမီတာနှင့် ပဲမျိုးစုံ တစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၄၀၀၀ ကုဗမီတာ လိုအပ်ပါသည်။

ရေချိုရရှိနိုင်မှု အခြေအနေ

၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ စုစုပေါင်း ရေချို ရရှိနိုင်မှု ပမာဏမှာ ကုဗမီတာ ၄၃၅၀၇ ဘီလီယံခန့် ရှိပါသည်။ ကမ္ဘာ့လူဦးရေ တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် ရေသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်မြင့်မားလာသည့်အပြင် သစ်တောများပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုများကြောင့် ရေကောင်းရေသန့် ရရှိနိုင်မှု အခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာလျက်ရှိပါသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ရေဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် သောက်သုံးရေအတွက် ရေကောင်းရေသန့် မရရှိသည့် လူဦးရေစုစုပေါင်းမှာ သန်း ၁၀၃၀ ခန့်ရှိနေပြီး အရှေ့အာရှဒေသတွင် သန်း ၄၁၀ ခန့်၊ အာဖရိကတွင် ၃၂၅ သန်းခန့်၊ အရှေ့နှင့် အလယ်ပိုင်း ဥရောပတွင် သန်း ၄၀ ခန့်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် ၃၅ သန်းခန့် အသီးသီးရှိပါသည်။ ယနေ့အချိန်တွင်ပင် စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ကမ္ဘာ့မြစ်ကြီးများမှ ထောက်ပံ့ပေးနိုင်သော ရေပမာဏထက် ၂၀ ရာခိုင်နှုန်း ပိုမိုလိုအပ်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ရေလိုအပ်ချက်မှာ ၄၀ ရာခိုင်နှုန်းအထိရှိလာမည်ဟု ခန့်မှန်းထားပါသည်။

ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ

ရေအရင်းအမြစ်ဆိုသည်မှာ ရေရရှိစေသော ရေထွက်ရှိရာဒေသများ ဖြစ်သည့် ရေခဲဖုံးလွှမ်းသော တောတောင်၊ သစ်တောများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတိမ်ဒေသ၊ ဆည်မြောင်း၊ ရေကန် စသည်တို့ဖြစ်ပါသည်။ ရေဝေရေလဲဒေသဆိုသည်မှာ မြစ်၊ ချောင်းများအတွင်းသို့ ရေစီးဆင်းစေသော ကုန်းမြေဧရိယာကို ခေါ်ပါသည်။ ရေသည် သစ်တောများ ဖုံးလွှမ်းသော တောတောင်ဒေသမှ ပင်လယ်၊သမုဒ္ဒရာအထိစီးဆင်းသဖြင့် ကမ္ဘာ့ရေဝေရေလဲဒေသများသည် အလွန်ကျယ်ပြန့်ပါသည်။ ထို့ကြောင့် ရေဝေရေလဲဒေသအတွင်းရှိ ရေ၊ မြေ၊ တောတောင်နှင့် သစ်တော သယံဇာတ တစ်မျိုးမျိုးသည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားများ၏ ပယောဂကြောင့်ဖြစ်စေ ပျက်စီးသောအခါ ရေချိုများထွက်ရှိရာ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။

ရွှေတူးဖော်မှုကြောင့် သဲနုန်းများ ပို့ကျပြီး ချောင်းတိမ်ကောလာရသည်။

ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ ပျက်စီးခြင်း

ရေဝေရေလဲဒေသအတွင်းရှိ သစ်တောများပြုန်းတီးပျက်စီးစေခြင်းနှင့် မြေသယံဇာတများ မူလအနေအထားမှပျက်ယွင်းစေသည့် လုပ်ဆောင်ချက်များသည် မြေပြိုတိုက်စားခြင်းများ ဖြစ်ပေါ်စေပြီး မြစ်၊ ချောင်း၊ ဆည်နှင့် ရေလှောင်တမံများတွင် သဲနုန်းပို့ချခြင်း၊ မြစ်၊ ချောင်းများ တိမ်ကောခြင်းနှင့် မြစ်ရေလျှံခြင်းများ ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ရေဝေရေလဲဒေသအတွင်း ရွှေ၊ သတ္တု တူးဖော်ခြင်း စသောလုပ်ငန်းများသည် သစ်တော၊ ရေနှင့် မြေသယံဇာတများအား ထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်ပေါ်စေပါသည်။ အကျိုးဆက်အားဖြင့် ရေလျှံခြင်းကြောင့် ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးခြင်းအပြင် နုန်းများပို့ချမှုကြောင့် မြစ်၊ ချောင်းများတိမ်ကောပြီး ရေချိုရှားပါးခြင်းနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့အပြင် ရွှေနှင့်သတ္တုအမျိုးမျိုးတူးဖော်ခြင်းနှင့် စက်ရုံစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများသည် မြစ်၊ ချောင်းများအတွင်းရောက်ရှိပြီး ရေထုကိုညစ်ညမ်းစေပါသည်။ မြစ်၊ ချောင်းများကို အမှီပြုနေထိုင်သော လူနှင့်ရေနေသတ္တဝါများအား အဆိပ်သင့်စေကာ အသက်ပင် ဆုံးရှုံးကြရပါသည်။ မြစ်များ၊ ချောင်းများတွင် ရေနေသတ္တဝါများ လျော့နည်းလာခြင်း၊ ရေထုညစ်ညမ်းပြီး သန့်ရှင်းသော သောက်သုံးရေရှားပါးလာခြင်း၊ ရေနှင့်ဆက်စပ်သော ရောဂါများဖြစ်ပွားခြင်း စသည့် အကျိုးဆက်များကိုပါ ရင်ဆိုင်ကြရပါသည်။

သစ်တောများ၏အခန်းကဏ္ဍ

သစ်တောများသည် လူသားများအတွက် သစ်၊ ထင်း၊ ဝါး၊ ဆေး၊ အဝတ်အထည်၊ အစားအစာ အစရှိသည့် သစ်တောထွက်ပစ္စည်းများသာမက ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ရေနှင့် လေကောင်းလေသန့်ရရှိစေရန် သန့်စင်ပေး

သဲနုန်းများပို့ချမှုကြောင့် ချောင်းကောပြီး ဤသို့ သစ်တောများ ပျက်စီးသည်။

ခြင်း၊ ကမ္ဘာ့လေထုအားပူနွေးစေပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ပေးခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုအား တားဆီးပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် အထောက်အပံ့ပြုလျက် ရှိပါသည်။ ရေဝေရေလဲဒေသများတွင် သစ်တောများရှိခြင်းဖြင့် မြေဆီလွှာတိုက်စားမှုလျော့နည်းစေခြင်း၊ မြေပြိုမှုများမှ အကာအကွယ်ပေးခြင်း၊ သဲနုန်းပို့ချမှုမှ အကာအကွယ်ပေးခြင်း၊ ရေသန့်စင်ပေးခြင်း၊ ရေများသိုလှောင်ပေးထားနိုင်ခြင်း၊ မြေဆီလွှာ အာဟာရဓာတ်အား ကြွယ်ဝစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း

ရေဝေရေလဲဒေသများသည် များသောအားဖြင့် သစ်တောများဖုံးလွှမ်းနေသဖြင့် အဆိုပါတောများကို ရေဝေရေလဲသစ်တော သို့မဟုတ် ရေထိန်းတောဟုလည်း ခေါ်ပါသည်။ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် အဓိကအသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများနှင့် ဆည်များ၏ ရေဝေရေလဲဒေသများ အပါအဝင် မြန်မာနိုင်ငံဧရိယာ၏ ၄၇ ရာခိုင်နှုန်းသော သစ်တောများကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကပင် စတင်၍ စနစ်တကျ စီမံအုပ်ချုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဓိကရေဝေရေလဲ ဒေသကြီးများ ဖြစ်သည့် မြောက်ဖျား ခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဖျား တနင်္သာရီကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းများမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းများနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်း ပဲခူးရိုးမမှသည် အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများကို နည်းလမ်းမျိုးစုံဖြင့် စွမ်းစွမ်းတမံ ထိန်းသိမ်းခဲ့ပါသည်။ ၂၀၁၀ ခုနှစ်အထိ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးအတွက် စိုက်ပျိုးတည်ထောင်ခဲ့သော သစ်တောစိုက်ခင်း ဧရိယာမှာ ဟက်တာ တစ်သိန်း သုံးသောင်းကျော် (၁၃၆ ၉၈၄ ဟက်တာ) ရှိပြီဖြစ်ပါသည်။

အလားတူပင် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည်လည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်း၊ ထင်းအစား အခြားလောင်စာ သုံးစွဲခြင်းနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် စီမံအုပ်ချုပ်ခြင်းဟူသည့် လုပ်ငန်းကြီး (၄) ရပ်ကို ဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဒေသ၏ ရေဝေရေလဲဧရိယာများဖြစ်သည့် တောင်စဉ်တောင်တန်း ၁၇ ခုအား

သစ်တောကြိုးဝိုင်းများအတွင်း ရွှေတူးဖော်မှုကြောင့် ဤသို့ သစ်တောများ ပျက်စီးရသည်။

စိမ်းလန်းစိုပြည်ရေးနှင့် ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများအပြင် ရေရှားပါးမှုပြဿနာအား ဖြေရှင်းရန် ကျေးရွာများတွင် ရေကန်ငယ်များ တူးဖော်ပေးခြင်း၊ မြေအောက်ရေအား အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန စတင်တည်ထောင်သည့် ၁၉၉၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစိုက်ခင်း ဧရိယာ ဟက်တာလေးသောင်းကျော် (၄၀၄၀၅ ဟက်တာ) တည်ထောင်နိုင်ခဲ့ပါသည်။

"ရွှေ"ကိုမလို"ရေ"ကိုလိုသည်

"ရေအကျိုး (၁၀) ပါး ဆုမတောင်းဘဲပြည့်သည်" ဟုဆိုပါသည်။ ရေသည် သက်ရှိသတ္တဝါများ ဘဝရှင်သန်ရေးအတွက် မရှိမဖြစ် လိုအပ်သောကြောင့် ရေလှူခြင်းဖြင့် အကျိုးကျေးဇူး (၁၀)မျိုးကို အလိုအလျောက် ရရှိခံစားနိုင်သည်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ရွှေ၊ ငွေ၊ ကြေး၊ စိန်၊ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်ဖြင့် သဘာဝသယံဇာတ မြောက်မြားစွာရှိသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ သို့သော် အဆိုပါ သယံဇာတများသည် ရှားပါးမှုအရ ငွေကြေးတန်ဖိုး သတ်မှတ်ထားသဖြင့် အဖိုးတန်သည်ဟု ထင်ရသော်လည်း လူသားများအပါအဝင် သက်ရှိသတ္တဝါများ၏ အသက်ရှင်သန်ရပ်တည်ရေးအတွက်မူ "ရေ" သယံဇာတများကဲ့သို့ မရှိမဖြစ်မဟုတ်ချေ။ ရေ၏တန်ဖိုးမှာ လူ့အသက်ကဲ့သို့ပင် အဖိုးတန်လှသည်။ ရေရှိမှ သက်ရှိသတ္တဝါများ အသက်ရှင်နိုင်မည်။ ရေရှိမှ အပင်ရှိမည်။ အပင်ရှိမှ ရာသီဥတု သဟဇာတမျှတမည်။ ရာသီဥတုသဟဇာတမျှတပါမှ လူသားများနှင့် သက်ရှိသတ္တဝါများ ကောင်းမွန်စွာရှင်သန်နိုင်မည်ဖြစ်သည်။ ရေ၊မြေ၊သစ်တောသယံဇာတများနှင့် သက်ရှိသတ္တဝါများ၏ ရှင်သန်ရပ်တည်နိုင်မှုမှာ ဆက်စပ်နေသည်။ ဤဆက်စပ်မှုဂေဟစနစ်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းရန် လိုအပ်ပါသည်။ ဂေဟစနစ် ပျက်စီးသည်နှင့် လူနှင့်သတ္တဝါများ ပျက်စီးကြရပါလိမ့်မည်။ လူသားများကပင် သဘာဝသယံဇာတများကို ထိန်းသိမ်းကြသည်။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ရေအရင်းအမြစ်များ၊ ရေဝေရေလဲဒေသများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် ဒေသအဆင့်၊ နိုင်ငံအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရင်း **"ရွှေ"ကိုမလို"ရေ" ကိုသာလိုသည်**ဟု တင်ပြလိုက်ရပါသည်။ ။

အထက်မြန်မာပြည် အောင်ချက်အကောင်းဆုံး ပထမဆုနှင့် တစ်နိုင်ငံလုံး တတိယဆုချီးမြှင့်ပွဲ ကချင်ပြည်နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ကချင်ပြည်နယ်၏ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကား ပြောကြားသည်။

ယင်းနောက် ပညာရည်ချွန်ဆုများကို ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ခြောက်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်တို့က ငါးဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအလေးပါးတို့က လေးဘာသာဂုဏ်ထူးရှင် ၄၁ ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်မင်း၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့်၊ ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးတို့က သုံးဘာသာဂုဏ်ထူးရှင် ၇၀ တို့အား ဆုများပေးအပ်ကြသည်။

ဆုများပေးအပ်

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်တို့က အထက်မြန်မာပြည် အောင်ချက်အကောင်းဆုံး ပထမဆု၊ အောင်ချက်အကောင်းဆုံး မြို့နယ်များနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ဂုဏ်ထူးအများဆုံးရကျောင်း၊ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် အမှတ်အများဆုံး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ဘာသာရပ်အလိုက် ဂုဏ်ထူးအများဆုံးရရှိအောင် သင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား ဆုများပေးအပ်သည်။

တစ်နိုင်ငံလုံးတတိယဆု

ကချင်ပြည်နယ်အနေဖြင့် ၂၀၁၁ ခုနှစ် ပညာသင်နှစ်တွင် အထက်မြန်မာပြည် အောင်ချက်အကောင်းဆုံးပထမဆုနှင့် တစ်နိုင်ငံလုံး တတိယဆုရရှိခဲ့သည်။ (သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရှင်များအား ပညာရည်ချွန်ဆုများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ချောက် GTI ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၅

ချောက် GTI ကျောင်းသားဟောင်းများ၏ စုပေါင်းလှူဒါန်းပွဲကို မကွေးမြို့၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မကွေးမြသလွန်ဘုရားရှေ့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ဩဂုတ် ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ သံတံတားအနီးရှိ ကံဦးကျောင်းတိုက်၌ လည်းကောင်း၊ ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၄၀၄၉၅၊ ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄ နှင့် ဦးတင်ထွေး ဖုန်း-၀၉-၄၉၂၀၉၈၀၄ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်သည်။ (ကြေးမုံ)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြသာယာလှပရေးအတွက် ခုတင်(၁၀၀)ဆေးရုံအရှေ့ဘက် မြေယာရှုခင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးတင်နိုင်အေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လမ်း၊ တံတားအခြေအနေ ကွင်းဆင်းစစ်ဆေး

ပေါင် ဇူလိုင် ၁၅

မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ပေါင်မြို့နယ်အပိုင်း မိုင်တိုင် (၃/၀)မှ (၂၂/၀) ထိ လမ်း၊ တံတား အခြေအနေများကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ စည်းဝေး

နေပြည်တော် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ(အပေါ်ပုံ) **တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် ကုမ္ပဏီများမှ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး မုံရွာ စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်က အကြံပြုဆွေးနွေးတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။(သတင်းစဉ်)

မိဘများနှင့် ဇနီး ဒေါက်တာဒေါ်တင်တင်ကြည် [ဒု-ဆေးမှူးချုပ်(ငြိမ်း)၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့] ညီမဒေါ်ကြည်အေးနှင့် ညီအစ်ကိုမောင်နှမများအားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးကြည်ညွှန့်ကြားရေးမှူး(ငြိမ်း) လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၄၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀	၁။	နိုင်ငံတော်သီချင်း
၁၁း၁၅	၂။	အဖွင့်သီချင်း
၁၁း၂၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၂၁)
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -ကြယ်ကြွေချိန်ခဏလေး (မိုးမိုး၊ ချစ်သုဝေနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ကိုပေါက်)**
၁း၃၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၈၄)**

ညပိုင်း

၄း၀၃	၁။	နိုင်ငံတော်သီချင်း
၄း၀၆	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။	ချစ်သူစုံတွဲတူယှဉ်ရွှဲ
၄း၅၀	၇။	လျှပ်တစ်ပြက်
၅း၁၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၂။	လျှပ်တစ်ပြက်
၆း၂၀	၁၃။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၂၉)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အင်္ဂလိပ်စာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၄)**
	၂၃။	2011 FIFA WOMEN' S WORLD CUP (GERMANY) Third Palce - France Vs Sweden(Live)

မွေး/ကုတက္ကသိုလ်(ရန်ကုန်) (၁၉၇၃-၁၉၇၉) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

၁၉၇၃-၁၉၇၉ ခုနှစ် မွေး/ကုတက္ကသိုလ်(ရန်ကုန်)တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၆ ရက်အစား နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် တော်ဝင်နှင်းဆီ သီရိခန်းမ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ဒေါက်တာမြတ်ဦး၊ ဒေါက်တာတင်မာဝေ ဖုန်း-၀၁-၅၅၂၅၇၇၊ ၀၉-၅၁၄၄၆၂၂၊ ဒေါက်တာအောင်နိုင် ဖုန်း-၀၁-၂၉၈၄၈၉၊ ဒေါက်တာမြင့်ဝင်း ဖုန်း-၀၁-၆၄၂၂၇၇၊ ဒေါက်တာတင့်လွင် ဖုန်း-၀၁-၅၃၄၉၇၄၊ ဒေါက်တာတင်စိန် ဖုန်း-၀၂-၆၀၆၈၉၊ ဒေါက်တာခွန်မြင့်ဦး ဖုန်း-၀၉-၉၉၇၀၂၇၃၊ ဒေါက်တာခွန်အောင်မြင့်စိုး၊ ဒေါက်တာခင်မျိုးဆွေ ဖုန်း-၀၉-၇၃၀၉၆၃၁၉၊ ဒေါက်တာခင်စိုးလွင် ဖုန်း-၀၉-၅၁၀၂၂၁၇ နှင့် ဒေါက်တာညိုညိုဇော် ဖုန်း-၀၁-၇၂၂၀၂၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမက(၂) မူလွန်၌ ဇွန် ၂၈ ရက်က ပထမတန်းကျောင်းသား မောင်စည်သူအောင်၏မွေးနေ့အဖြစ် ကြာဆံကြော် ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးနှင့် ဆရာမများ ကြပ်မတ်ဆောင်ရွက်စဉ်။ (ကြေးမုံ)

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြစဉ်။ (သတင်းစဉ်)

✻ ဝါဆိုလပြည့်မှ

မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စေတီတော် ဂေါပကအဖွဲ့ နာယက အဖွဲ့ဝင်များဖြစ်ကြသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် နာယကအဖွဲ့ဝင်များ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရွှေကြာသင်္ကန်းဆက်ကပ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော စေတီတော် ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင်များသည် စေတီတော် လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်များနှင့် ပန်းပေါင်းစုံ ဆုတောင်းပြည့်ရုပ်ပွားဆင်းတုတော်တို့အား ဝါဆိုရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာယူကြ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်ရှိ အမျိုးသား အထိမ်းအမှတ် ဥယျာဉ်၌ စိတ်လက်အပန်းဖြေပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

ဥပ္ပါတသန္တိစေတီတော်

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြကာ စေတီတော်ကြီးအား ဆီမီးထွန်းညှိ ပူဇော်ကြသည်။

အလားတူ နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်နှင့် စေတီတော် ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့၌ ဝါဆိုဦး သီလဆောက်တည်သူ နေပြည်တော်နေ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန် ဘုရားတို့၌လည်း ဒေသနေပြည်သူများက အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်းစသည့် ဒါန၊ သီလ၊ ဘာဝနာ ပွားများအားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ပွဲတော် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းမှစ၍ ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပရာ နံနက် ၆ နာရီတွင် ရင်ပြင်တော် ဗုဒ္ဓဟူးထောင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းရှေ့၌ ဂေါပကအဖွဲ့ဝင်များဦးဆောင်၍ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများက စေတီတော်အား ဝါဆိုရွှေကြာသင်္ကန်းတော်များဖြင့် လှည့်လည်ပူဇော်ကာ ကကုသန္ဓ မြတ်စွာဘုရား၊ ကောဏာဂမန မြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားနှင့် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဘုရားတို့အား ဝါဆိုရွှေကြာသင်္ကန်းများ ကပ်လှူကြသည်။

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်အနေဖြင့် စေတီတော်အား သစ်သီး ၂၆၀၀၊ ပန်း ၂၆၀၀၊ ဆီမီး ၂၆၀၀၊ ရေတော် ၂၆၀၀ ပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို နံနက် ၇ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပကြသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာယာဉ်များ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့်အတူ အလှူရှင်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဝါဆိုရွှေကြာသင်္ကန်းများဖြင့် ဆူးလေစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့နှင့် အလှူရှင်များက အရှေ့ဘက်မုခ်မှ စတင်၍ အစီအစဉ်အတိုင်း ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဝါဆိုလပြည့်မှစ၍ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဆရာတော်ကြီးများ၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို စေတီတော်ရှိ ဂေါပကအဖွဲ့ကကြီးမှူး၍ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တစ်နေ့လျှင် နှစ်ကြိမ် ကျင်းပသွားမည် ဖြစ်သည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ နံနက် ၈ နာရီတွင် မာဂဓီသာစည် ဆရာတော်ကြီး၏တပည့်ကျောင်းသား၊ ကျောင်းသူများက ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲကို ကျင်းပကြသည်။ နံနက် ၉ နာရီတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ သာသနာ့ဝေယျာဝစ္စဝတ်အဖွဲ့က ပဉ္စမအကြိမ် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပကြပြီး ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့များနှင့် ပြည်သူများက ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၇ နာရီတွင် ရုပ်ပွားတော်မြတ်ကြီးနှင့် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးကိုးပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး နံနက် ၈ နာရီတွင် ဂေါပကအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာအခါတော်နေ့ အခမ်းအနား ကျင်းပကြသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို

ဆက်လက်၍ ဓမ္မစကြာအခါတော်နေ့ ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ရာ၌ ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်သည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးဧည့်ပရိသတ်များက သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဥပုသ်သီလ ခံယူဆောက်တည်ကြသည်။

ဆူးလေစေတီတော်

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်ရှိ မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

မဟာဝိဇယစေတီတော်

မဟာဝိဇယစေတီတော်၌ ယမန်နေ့မှစ၍ ဝတ်အသင်းပေါင်း ၂၀ က ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်လျက်ရှိသည်။

မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပရာ ဓမ္မစကြာ အခါတော်နေ့အကြောင်း မင်္ဂလာထောမနာ စကားပြောကြားခြင်း၊ ဓမ္မစကြာသုတ်ပါဠိတော်၊ အနတ္တလက္ခဏသုတ်ပါဠိတော်တို့အား ရွတ်ဆိုပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး စေတီတော်ရှိ ရုပ်ပွားတော် ခုနစ်ဆူအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုး…

နေပြည်တော် ဇူလိုင် ၁၅

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		(column cut off at page edge)
		အမြင့်ဆုံး	အနိမ့်ဆုံး	
၁	ကချင်ပြည်နယ်	၃၀	၂၄	နေရာအနှံ့…
၂	ကယားပြည်နယ်	၂၉	၂၂	နေရာကျဲ…
၃	ကရင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့… / နေရာကွက်…
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာစိပ်…
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၃	နေရာအနှံ့… / နေရာကွက်…
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲ…
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၃	နေရာအနှံ့… / နေရာကွက်…
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့…
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၆	နေရာကျဲ…
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၇	နေရာကျဲ…
၁၁	မွန်ပြည်နယ်	၃၀	၂၃	နေရာအနှံ့… / နေရာကွက်…
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၃	နေရာအနှံ့…
၁၃	ရခိုင်ပြည်နယ်	၂၉	၂၄	နေရာအနှံ့… / နေရာကွက်…
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၉	နေရာစိပ်…
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၃	နေရာစိပ်…
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၂	နေရာစိပ်…
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်…
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၅	နေရာကွက်…
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးတစ်ကြိမ်…
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၇	နေရာကွက်…

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအော… ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတ… အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ… ကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့… တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ … တော်(လယ်ဝေး)တွင် ၁ ဒသမ ၁၈ လက်မ၊ သံတွဲမြို့တွင် ၃… မြို့တို့တွင် ၃ ဒသမ ၄၃ လက်မစီ၊ လောင်းလုံမြို့တွင် ၃ ဒ… ၅၆ လက်မ၊ အမ်းမြို့၊ မအူပင်မြို့၊ ကျိုက္ခမီမြို့နှင့် လှိုင်လ… ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၁၇ လက်မနှင့် ဘီးလင်းမြို့…
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း… ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်…
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်… တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှို… မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလ… သည်။ ကျန်မြန်မာပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမ…
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

အခါတော်နေ့ အခမ်းအနားကျင်းပကြသည်။

ရွှေဘုန်းပွင့်စေတီတော်

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၅၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ညနေ ၃ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြကာ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့စေတီတော်နှင့် ကျိုက္ကလဲ့စေတီတော်၊ မရမ်းကုန်းမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးဘုရားနှင့် ခြောက်ထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဘုရား၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မယ်လမုဆုတောင်းပြည့်စေတီတော်၊ သာကေတမြို့နယ်ရှိ ဇိနမာရ်အောင်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ တွံတေးမြို့နယ်ရှိ ရွှေဆံတော်ဘုရား၊ ခရမ်းမြို့နယ်ရှိ သွန်းဘုရားကြီး အပါအဝင် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်များ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်း

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

ရွတ်ဖတ်ပူဇော်

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြစဉ်။
(ကြေးမုံ)

တရားတော်များကို ဟောကြားချီးမြှင့်တော်မူခြင်း၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြခြင်းစသည့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မဟာမုနိရုပ်ရှင်တော်မြတ်

အလားတူ နံနက် ၄ နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ငါးလွှတ်ခြင်း၊ သီတင်းသီလ ဆောက်တည်ကြခြင်း စသည့် ကုသိုလ်ကောင်းမှုပြုကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ (သတင်းစဉ်)

...နိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၅

...နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
	အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
	၂၉	၂၂	နေရာကွဲကွဲမိုးထစ်ချုန်း	၈၀%
	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
	၂၃	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
...ထက်ပိုင်း)	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
...အာက်ပိုင်း)	၃၆	၂၆	နေရာကွဲကွဲမိုးထစ်ချုန်း	၈၀%
	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
	၃၂	၂၆	နေရာကွဲကွဲမိုးထစ်ချုန်း	၈၀%
	၃၇	၂၇	နေရာကွဲကွဲမိုးထစ်ချုန်း	၈၀%
	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
	၂၆	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
...ဝိုက်	၃၃	၂၅	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
...က်	၃၀	၂၃	မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်း	၈၀%
...က်	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်	၆၀%

	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကွဲကွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(လယ်ဝေး)တွင် ၁ ဒသမ ၁၈ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ဂွမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၃ ဒသမ ၄၃ လက်မစီ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဖလမ်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ အမ်းမြို့၊ မအူပင်မြို့၊ ကျိုက္ခမီမြို့နှင့် လှိုင်လင်မြို့တို့တွင် ၂ ဒသမ ၃၆ လက်မစီ၊ ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၁၇ လက်မနှင့် ဘီးလင်းမြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။
	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။
	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
	မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်

ကသာ ဇူလိုင် ၁၅

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းရေရှည်ကောင်းမွန်စေရေးနှင့် ခရီးသွားများ အဆင်ပြေလွယ်ကူစေရေးအတွက် ကသာမြို့တွင်းလမ်းများဖြစ်သော ပင်လုံလမ်းနှင့် အနောက်သစ်ထုတ်ညွှဲရိပ်သာ အဝင်လမ်း စုစုပေါင်းအရှည်ပေ ၂၅၀၀ အား မြေညှိစက်အသုံးပြု၍ လမ်းချဲ့ခြင်းလုပ်ငန်းကို ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

ဒီမော့ဆိုမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက်က ငွေတောင်ကျေးရွာ အောင်မင်္ဂလာမြို့ဦးစေတီ ပရိဝုဏ်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်၊ မဲဇလီ၊ စိန်ပန်းပြာ စုစုပေါင်း အပင် ၂၀၀၀ အား စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်သစ်တော)

အင်ဂျင်နီယာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်သည် ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ) သင်တန်းခန်းမ၌ ကျင်းပသော အင်ဂျင်နီယာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်က သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသား ခေါင်းဆောင်ထံသို့ လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက သင်တန်းထူးချွန် ပထမဆုရ ဦးမျိုးသန့်ထွန်း၊ ဒုတိယဆုရ ဦးမင်းနိုင်နှင့် တတိယဆုရ ဦးကျော်စွာထွန်းတို့အား ဆုများကို လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် အင်ဂျင်နီယာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❑ကျောဖုံးမှ

စခန်းကို ထူထောင်ထားသည်။

စင်ကာပူနိုင်ငံ၌ ရေချိုထောက်ပံ့ရေးလုပ်ငန်းနှင့် ရေအရည်အသွေး တိုးတက်စေမည့်လုပ်ငန်းတို့အတွက် နည်းပညာတီထွင်ဆန်းသစ်မှုများကို သိပ္ပံပညာရှင်များ ပူးတွဲပြုလုပ်ကြမည်ဖြစ်ကြောင်း စင်ကာပူ အမျိုးသား တက္ကသိုလ် ဥက္ကဋ္ဌနှင့် ပါမောက္ခ တန်ချိုချွန်းက ပြောကြားသည်။

ရေစီမံခန့်ခွဲမှု နယ်ပယ်တွင် သုတေသနလုပ်ငန်းများကို တိုးမြှင့်ပြုလုပ်နိုင်ရန် စင်ကာပူနိုင်ငံနှင့် နယ်သာလန် သုတေသနသိပ္ပံတို့အကြား ကျွမ်းကျင်ပညာရှင်အဆင့် ပူးပေါင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မြို့ပြဒေသများ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ ရေစီမံခန့်ခွဲမှု ပြုလုပ်ခြင်းနှင့် ပတ်သက်၍ လေ့ကျင့်သင်တန်းပေးခြင်း၊ အသိအမြင် ဖလှယ်ခြင်းနှင့် အများပြည်သူလူထုကို အသိပညာ ပေးခြင်းတို့ လုပ်ဆောင်နိုင်ရန် ရေသုတေသနသိပ္ပံလေ့လာရေးစခန်းက အထောက်အကူပြုမည်ဖြစ်သည်။

ရေစီမံခန့်ခွဲမှု နည်းပညာသစ်များကို ပြည်သူတို့သိရှိနိုင်ရန် ရေသုတေသနသိပ္ပံလေ့လာရေးစခန်းက ပြည်သူတို့လေ့လာကြည့်ရှုခွင့် ရရှိမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ၌ ပြည်သူလူထုထံသို့ ရေကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်ရန် ရေဝေရေလဲဒေသများကို ထိန်းသိမ်းသွားမည်ဖြစ်သည်။

အင်တာနက်။

စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်လိုက်သော ရေသုတေသနသိပ္ပံလေ့လာရေးစခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုကြိုဆို

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၁ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ပန်ကြပ်ဆီလတ်(လက်သိုင်း)အတိုက်ပြိုင်ပွဲသို့ မလေးရှားလက်ရွေးစင်အသင်း၊ မလေးရှားကွာလာလမ်ပူ ပြည်နယ်အသင်း၊ ဗီယက်နမ်၊ မြန်မာ၊ စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံအသင်းများဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံက ရွှေ နှစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် နိုင်ငံအလိုက် တတိယအဆင့် ရရှိခဲ့သည်။ အဆိုပါ(လက်သိုင်း) အတိုက်ပြိုင်ပွဲ၌ အိမ်ရှင်မလေးရှားနိုင်ငံက ရွှေငါးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် ပထမ၊ ဗီယက်နမ်နိုင်ငံက ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးငါးခုဖြင့် ဒုတိယ ရရှိသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ (၅၀-၅၅) ကီလိုတန်းတွင် ရဲကျော်သူ (ကာကွယ်ရေး)က ရွှေတစ်ခု၊ ကီလို (၅၀-၆၀)တန်းတွင် ဒုတိယရဲအုပ် သိန်းစိုး(ပြည်ထဲရေး)က ရွှေတစ်ခု၊ (၈၅-၉၀)ကီလိုတန်းတွင် ရဲသီဟ (ကာကွယ်ရေး)က ငွေတစ်ခု၊ (၆၀-၆၅)ကီလိုတန်းတွင် ကျော်နိုင်ထွန်း(စီးပွား/ကူးသန်း)က ငွေတစ်ခု၊ (၅၅-၆၀)ကီလိုတန်းတွင် နှင်းသီတာ(စက်မှု-၁)က ငွေတစ်ခု၊ (၄၅-၅၀)ကီလိုတန်းတွင် စံထူး(လယ်/ဆည်) က ကြေးတစ်ခု၊ (၅၀-၅၅) ကီလိုတန်းတွင် ဝေဝေလွင်(စက်မှု-၁)က ကြေးတစ်ခု၊ (၇၀-၇၅)ကီလိုတန်းတွင် သင်းမြတ်အေး (လယ်/ဆည်)က ကြေးတစ်ခု စုစုပေါင်း ဆုတံဆိပ်ရှစ်ခုဖြင့် နိုင်ငံအလိုက် တတိယအဆင့် ရရှိခဲ့ခြင်းဖြစ်သည်။

အောင်ပွဲရ မြန်မာ့သိုင်းအားကစားသမားများသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ် သူရဘိုနီ၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိုးလင်းအောင်နှင့် အမှုဆောင်များ၊ အားကစားသမားများနှင့် မိဘဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြသည်။

မြန်မာ့သိုင်းလက်ရွေးစင်အဖွဲ့ ခေါင်းဆောင် အုပ်ချုပ်သူ ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန်နှင့်အတူ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးနှင့် နည်းပြလေးဦး၊ အမျိုးသားအားကစားသမား ငါးဦးနှင့် အမျိုးသမီးအားကစားသမား သုံးဦးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ပန်ကြပ်ဆီလတ် (လက်သိုင်း) အတိုက်ပြိုင်ပွဲတွင် နိုင်ငံအလိုက် တတိယအဆင့် ရရှိခဲ့သော အောင်ပွဲရ မြန်မာ့သိုင်း အားကစားသမားများ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ ကြိုဆို နှုတ်ဆက်သူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆု ရရှိသော ရှမ်းပြည်နယ် အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားတွင် အမျိုးသမီးပြိုင်ပွဲ၌ ပူးတွဲတတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသားပြိုင်ပွဲ၌ ပူးတွဲတတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပထမဆုရ ရှမ်းပြည်နယ်အသင်းတို့အား တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုဖလားရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းနှင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးအသင်း၊ အကောင်းဆုံး အားကစားသမားဆုရ စန္ဒာဝင်းဇင် (စစ်ကိုင်းဒေသကြီးအသင်း)နှင့် ဝမ်းရီ (ရှမ်းပြည်နယ်အသင်း)တို့အား ရွှေသံလွင်ကုမ္ပဏီနာယက ဒေါ်နီနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦးတို့က ဆုများကို ပေးအပ်ကြပြီး ပထမဆုရ ရှမ်းပြည်နယ် အမျိုးသားအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

အင်္ဂလန်နီယာများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ သတ္တမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် သန်လျင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများအနေဖြင့် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီခွဲ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ပြိုင်ပွဲအား Main Sponsor အဖြစ် Kyaw Tha Construction မှ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးအောင်ဝင်း ဖုန်း-၀၁-၂၁၂၅၀၁၊ ၀၁-၂၂၆၈၁၇၊ ဦးစိုးလွင် (မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း) ဖုန်း-၀၁-၅၁၉၆၇၃, Ext:၂၁၁ နှင့် ဦးခင်အေး (A.G.T.I ကျောင်းသားဟောင်းများအဖွဲ့) ဖုန်း-၀၁-၅၁၉၆၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖယ်လ်ကာအို ပေါ်တိုနှင့် စာချုပ်သက်တမ်းတိုးချုပ်ဆို

လစ္စဘွန်း ဇူလိုင် ၁၅

ဆရာဟောင်းရှိရာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိနေသည့် ရာဒါမယ်ဖယ်လ်ကာအို **(ယာပုံ)**သည် ယခုအချိန်တွင် ပေါ်တိုအသင်းနှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ပေါ်တိုအသင်းသည် အသက် (၂၅) နှစ်ရှိ ၎င်းတို့၏ တိုက်စစ်မှူးကို နောက်ထပ်လေးနှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ခြင်းကြောင့် ဖယ်လ်ကာအိုသည် ၂၀၁၅ ခုနှစ်အထိ ပေါ်တိုတွင် ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းက ခေါ်ယူရန် အဓိကပစ်မှတ်ထားခဲ့သည့် ဖယ်လ်ကာအို၏ ယခင်တန်ကြေးမှာ ယူရိုသန်း ၃၀ သာ ရှိခဲ့သော်လည်း ယခုစာချုပ်သစ်ကြောင့် ၎င်း၏ တန်ကြေးမှာ ယူရို ၄၅ သန်း အထိ တက်လာခဲ့ပြီဖြစ်သည်။

၂၀၀၉ ခုနှစ်က အာဂျင်တီးနားကလပ် ရေဗာပလိတ်မှ ပေါ်တိုသို့ ရောက်လာခဲ့သည့် ဖယ်လ်ကာအိုသည် ၈၅ ပွဲတွင် ၇၃ ဂိုးအထိ သွင်းပေးထားနိုင်သည်။ ထို့ပြင် ၎င်းသည် ယူအီးအက်ဖ်အေဖလားပြိုင်ပွဲများတွင် ဂျာမနီမှ ဂျာဂျင်ကလင်းစမန်းတင်ထားသည့် စံချိန်ကို ချိုးကာ ၁၇ ဂိုးအထိ သွင်းပေးထားသည့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ယခုအချိန်တွင်

ဖယ်လ်ကာအိုသည် မိခင်နိုင်ငံ ကိုလံဘီယာအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲ ဝင်လျက်ရှိနေသည်။ ESPN

စတီးဝပ်ဒေါင်းနင်းကို လီဗာပူးခေါ်ယူ

လီဗာပူး ဇူလိုင် ၁၅

လီဗာပူးအသင်းသည် ဗီလာအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား စတီးဝပ်ဒေါင်းနင်း**(ယာပုံ)**ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

လီဗာပူးအသင်းသည် စတီးဝပ်ဒေါင်းနင်းကို ယခင်က ပေါင် ၁၂ သန်းဖြင့် တစ်ကြိမ်၊ ပေါင် ၁၅ သန်းဖြင့် တစ်ကြိမ် ကမ်းလှမ်းခဲ့ဖူးသော်လည်း နှစ်ကြိမ်လုံး ဗီလာအသင်း၏ ပယ်ချခြင်းကို ခံခဲ့ရသည်။ သို့သော် ယခုအချိန်တွင်မူ လီဗာပူးအသင်းက စတီးဝပ်ဒေါင်းနင်းအတွက် ပေါင်သန်း ၂၀ တိုးမြှင့်ကမ်းလှမ်းခဲ့ရာ ဗီလာအသင်းက လက်ခံသဘောတူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ စတီးဝပ်ဒေါင်းနင်းသည် လီဗာပူးအသင်းတွင် တစ်ပတ်လုပ်ခ ပေါင် ရှစ်သောင်း ရရှိမည်ဖြစ်ကာ လေးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်ဟု သိရသည်။ ESPN



ဟန်သစ်

ပြည်သူ့ထံမှ ပေးစာများ

အညှော်နံ့မခံနိုင်

စာတည်းရှင့်-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန် ရပ်ကွက် သီရိလမ်းရှိ အကြော်ဆိုင်တစ်ဆိုင်သည် နေ့စဉ် နံနက် ၄ နာရီမှ ညနေ ၆ နာရီအထိ အကြော်မျိုးစုံတို့ကို လမ်းမပေါ်၌ ကြော်ရောင်းနေပါသဖြင့် အညှော်နံ့ကြောင့် ပတ်ဝန်းကျင်ရှိ နေအိမ်များမှ အသက်ကြီးသူများနှင့် ကလေးငယ်များ၏ ကျန်းမာရေး ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ တားဆီးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

သံဒယ်ထုရိုက် နားမခံသာ

စာတည်းခင်များ-

အမှတ်(၂၀၅/၂၀၆) တေးဥယျာဉ် (၃)လမ်း (၇)ရပ်ကွက် လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ရှိ သံဒယ်အိုးလုပ်ငန်းမှ နေ့ညမပြတ် ထုရိုက်သံများကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် သက်ကြီးရွယ်အိုများ နားမခံသာ ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူ

စားသောက်ဆိုင်မှ ရေဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံလမ်း(လင့်ခ်လမ်း)ရှိ ပြည်သူ့အိမ်ရာဝင်းသို့ ယင်းအိမ်ရာနှင့် ကပ်လျက်တည်ရှိသော စားသောက်ဆိုင်တစ်ဆိုင်မှ ရေဆိုးများ စွန့်ထုတ်နေပါသောကြောင့် တိုက်အမှတ်(၄) ၏ ဘေးတွင် ရေဆိုးအိုင်ကြီး ဖြစ်နေပါသည်။ ယင်းရေဆိုးအိုင်မှ အနံ့အသက်ဆိုးများ ထွက်ပေါ်နေသည့်အပြင် ရောဂါပိုးနှင့်ခြင်၊ ယင်များ ပေါက်ပွားကာ အိမ်ရာနေထိုင်သူများ၏ ကျန်းမာရေးထိခိုက်စေနိုင်ပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။

ပြည်သူတစ်ဦး

ရုပ်ရှင် အနုပညာရပ်ဝန်း

အောဝမ်းစိုး

ရိုစီ Burberry ကုမ္ပဏီ၏ မော်ဒယ်လ်အဖြစ် ရွေးချယ်ခံရ

ယခု ရက်သတ္တပတ်များအတွင်း အမေရိကန်နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသလျက်ရှိပြီး ဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်ကာ နာမည်ကျော်လူကြိုက်များလျက်ရှိသော Transformers: Dark of the Moon စက်ရုပ်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီးချော ရိုစီဟန်သီတန်ဝှိုက်တလေသည် ဗြိတိသျှဖက်ရှင်ကုမ္ပဏီ Burberry ၏ ပထမဆုံး မော်ဒယ်လ်ဖြစ်လာပြီဖြစ်သည်။

Burberry ကုမ္ပဏီသည် အဝတ်အထည်၊ ရေမွှေးနှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းကိရိယာများ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီဖြစ်ပြီး မင်းသမီး ရိုစီက ယင်းကုမ္ပဏီမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းအမှတ်တံဆိပ်များကို ကြော်ငြာပေးရမည့် မော်ဒယ်လ်အဖြစ် အတူလက်တွဲကြမည်ဖြစ်သည်။

Burberry ကုမ္ပဏီ၏ ပထမဆုံး မော်ဒယ်လ်အဖြစ် ကြော်ငြာသရုပ်ဆောင်ပေးရသည်ကို ပျော်ရွှင်ကျေနပ်မိကြောင်း၊ ယင်းကုမ္ပဏီနှင့်အတူ လက်တွဲအလုပ်လုပ်ခြင်းဖြင့် မိမိဘဝ ပိုမိုတိုးတက်မြင့်မားအောင် ကူညီပေးနိုင်မှာဖြစ်ကြောင်း ရိုစီက ထုတ်ဖော်ပြောကြားသည်။

Burberry ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ ခရစ္စတိုဖာဘိုင်လေက ရိုစီ၏ လွတ်လပ်ပေါ့ပါးသည့် စတိုင်နှင့် သူမ၏ ဆွဲဆောင်မှုရှိသည့် အလှအပတို့က Burberry ကုမ္ပဏီ၏ ကြော်ငြာမော်ဒယ်လ်အဖြစ် ရွေးချယ်ခံရရန် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း ပြောကြားသည်။

ရိုစီဟန်သီတန်ဝှိုက်တလေ။

ရိုစီသည် ယခုအခါ လော့စ်အိန်ဂျလိစ်မြို့တွင် နေထိုင်ပြီး အက်ရှင်မင်းသား ဂျက်ဆင်စတက်ဟန်နှင့် တွဲလျက်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ***အင်တာနက်။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ယနေ့ သတင်းအညွှန်း

ထွန်စက်ကြီးနှင့် တွဲဖက်သုံးစက်ကိရိယာ အရောင်းဆိုင်သစ်ဖွင့်
(သတင်း)စာမျက်နှာ-၃

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ အထက်မြန်မာပြည် အောင်ချက် အကောင်းဆုံးပထမဆု ကချင်ပြည်နယ်၌ ချီးမြှင့်
(သတင်း)စာမျက်နှာ-၇

အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မှ စတင်ရုပ်သိမ်း
(သတင်း)စာမျက်နှာ-၄

ဖယ်လ်ကာအို ပေါ်တိုနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို
(သတင်း)စာမျက်နှာ-၁၀

လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်နိုင်ရေး ရေကောင်းရေသန့်နှင့် ရေချို(Fresh Water)ကို စဉ်ဆက်မပြတ် လုံလောက်စွာ ရရှိရန်လို။ ယေဘုယျအားဖြင့် လူတစ်ဦးသည် တစ်ရက်လျှင် ရေ ၈ ဒသမ ၅ လီတာ (၁ ဒသမ ၇ ဂါလန်)လိုအပ်။

(ဆောင်းပါး)စာမျက်နှာ-၆

လားရှိုးခရိုင်တွင် သစ်တောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

လားရှိုး ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြေဧရိယာ ၁၄၃၉၁၉၈၃ ဧကအနက် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၁၅၆၀၀၆၉ ဒသမ ၅ ဧက၊ ရာခိုင်နှုန်းအားဖြင့် (၁၀ ဒသမ ၈၄) ရာခိုင်နှုန်းရှိကြောင်း မြေအသုံးချမှုစာရင်းအရ သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်တွင် ကြိုးဝိုင်းခြောက်ခု(၅၇၄၃၀ ဧက)၊ ကြိုးပြင်ကာကွယ်တောလေးခု(၃၁၃၂၈ ဧက)စုစုပေါင်း ၁၀၆၇၅၈ ဧက ရှိသည်။ လားရှိုး၊ သိန္နီ၊ မိုင်းရယ်နှင့် တန့်ယန်းမြို့နယ်များ၏ အကျယ်အဝန်း ၃၀၄၅၃၃၇ ဧက ရှိသည့်အနက် သစ်တောဖုံးလွှမ်းမှုဧရိယာမှာ ၁၂၄၇၆၉၅ ဧက ရာခိုင်နှုန်းအားဖြင့် (၄၀ ဒသမ ၉၇)ရာခိုင်နှုန်း ရှိကြောင်း လားရှိုးခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် အဆိုပြုကြိုးဝိုင်းတော လေးခုရှိပြီး ၁၈၄၈၃၉ ဒသမ ၂ ဧက ရှိသည်။ အဆိုပြုကြိုးပြင်ကာကွယ်တောအနေဖြင့် သိန္နီမြို့နယ်တွင် သုံးခုရှိပြီး ဧက ၇၃၆၀ ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်အတွင်း ၂၀၀၈-၂၀၀၉ ခုနှစ်က တည်ထောင်ခဲ့ပြီး သစ်တောစိုက်ခင်းအမျိုးအစားအလိုက်အားဖြင့် စီးပွားရေးစိုက်ခင်း ဧက ၁၄၇၀၊ ကျေးရွာသုံးစိုက်ခင်း ဧက ၅၀၈၀၊ ရေဝေရေလဲစိုက်ခင်း ၃၆၄၅ ဧကနှင့် စက်မှုကုန်ကြမ်းစိုက်ခင်း ဧက ၁၁၀၀ ဖြစ်ကြောင်း သိရသည်။

(ရာမည-သွေးမွန်)

လားရှိုးခရိုင်အတွင်းမှ သစ်တောဖုံးလွှမ်းမှုမြင်ကွင်းတစ်ခု။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၅-၇-၂၀၁၁

နေပြည်တော်(လယ်ဝေး)	၁ ဒသမ ၁၈ လက်မ
သံတွဲ	၃ ဒသမ ၆၆ လက်မ
ဂွ	၃ ဒသမ ၄၃ လက်မ
တောင်ကုတ်	၃ ဒသမ ၄၃ လက်မ
လောင်းလုံ	၃ ဒသမ ၀၇ လက်မ
ဖလမ်း	၂ ဒသမ ၅၆ လက်မ

အင်တာနက်သုတေသနနည်းပညာသတင်း

ဘာသာပြန် - သတင်းလုလင်

အာရှတိုက်၏ ပထမဆုံးသော ရေသုတေသနသိပ္ပံစခန်း ဖွင့်လှစ်

စင်ကာပူ ဇူလိုင် ၁၅

အာရှတိုက်၏ ပထမဆုံးသော ရေသုတေသနသိပ္ပံ လေ့လာရေးစခန်းကို စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာ၊ လူမှုရေးသိပ္ပံ၊ ဟိုက်ဒရိုဒိုင်းနမစ်နည်းပညာ၊အင်ဂျင်နီယာနည်းပညာနှင့် ရေဆိုင်ရာမူဝါဒစီမံခန့်ခွဲမှုပညာတို့နှင့် ပတ်သက်၍ သိပ္ပံပညာရှင်များအတွင်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အဆိုပါ စခန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။ စင်ကာပူအမျိုးသားတက္ကသိုလ်၊ အမျိုးသားရေးအေဂျင်စီနှင့် နယ်သာလန်သုတေသနသိပ္ပံတို့၏ သိပ္ပံရေးရာ ပူးတွဲသုတေသနအစီအစဉ်အဖြစ် ရေသုတေသန သိပ္ပံလေ့လာရေး

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❑